

အဆန်စက်စက်အစအဆုံးရပ်မြ
ဗျူး ၏
တာရာကြီး
ပါဝင်သော
အဘယ်ရတနာပွဲကြီး
ဇော်ချင်းသစ်



အပယ် ရတနာ ပွကြီး
အရိုးကျဲမတတ်အေးသော အညာဆောင်းဥက်ကြောင့် ပွကြီး စောစောစီးစီးနိုး လာ၏။
အပယ်ရတနာ ဘုရားအတွင်းမှ..ဆင်းတုတော် တစ်ဆူရှေ့ ဝပ်တွားကာ ဘုရားကန်တော့၏။
တစ်ထည်တည်းသော အညာစောင် ကြမ်းလေးကို ကိုယ်တွင်ပတ်၍ အအေး ဥက်ကို ကာကွယ်လိုက်သည်..



ဘုရားဝတ်ပြုပြီးသည့်နှင့်
စေတီ ပရဝုဏ်သို့ ထွက် ခဲ့သည်..
တံမြက်စည်းကြမ်း
နှင့်သစ်ရွက်ကြွေ
များ...အမှိုက်များ
ကို..စုသည်..
ဘုရား ပရဝုဏ် တစ်ခုလုံး
သန့်ရှင်းအောင် လှဲကျင်း
သည်..ပြီးတော့ အမှိုက်
များကို မီးရှို့၏...


အအေးဒဏ်ကို မီးလှုံ၍ ကာကွယ်နေရင်း ဝမ်းထဲမှ..တကျုတ်ကျုတ် မြည်သံကို ကြားလိုက်ရ၏..
စောစောစီးစီး လှူဖွယ်ရာ မှားသွား သည့် မို့ မိုက်ဆာလာခဲ့ပြီ..
အပယ်ရတနာ၏ သင်ပုတ်နှင့် ဆွမ်းတင်ခဲ့တွင်တော့ ဘာမှ ရှိမည်မဟုတ်..



ဘုရားဖူးများသော...ဖူးဘုရားတို့
အာနန္ဒာတို့မှာသာလျှင် ဆွမ်းတော်
စွန့်လို့ရနိုင်မည်..
ပွကြီး ဘုရားအတွင်း ပြန်ဝင်၍
လက် စွဲတော် ဟွန်းတယောနှင့်
လွယ်အိတ်အစုတ်ကို အသင့်ပြင်
သည့်.
ပုဆိုးစုတ်ကို ခေါင်းပေါင်းလိုက်သည့်အခါ စုတ်ပြတ်
နေသောသူ့အသွင်အပြင်က ပိုပြီး ညစ်ထေးသွား၏..
အပယ်ရတနာ၏ဘုရား
ကျွန် ပွကြီး ..ယာစကာ
အဆင်တန်ဆာ အပြည့်
အစုံနှင့် ဘုရားဝင်း
အတွင်းမှ ထွက်ခဲ့သည်..
၇


ခြေရာချင်းထပ်မျှ လျှောက်ခဲ့ ဖူးလှုပြီဖြစ်သော ပုဂံဒေသ၏..ခပ်ကြမ်းကြမ်း လမ်းပေါ် ဖိနပ်မပါဘဲ လှမ်းလာခဲ့၏
အာနန္ဒာ ဘုရားဆီသို့..ဦးတည် လျှောက်လာခဲ့ရင်း...
မှူကြီး..သူ့အကြောင်း သူတွေးကာ တဖြည်းဖြည်းနှင့် ပို၍..ပို၍ စိတ်ကုန်လာ၏..
အဖေ အမေတို့၏ မေတ္တာ ရေကြည်ကြောင့်..မှူကြီး တစ်ယောက်..ဘုမသိ ဘမသိနှင့် လူ့လောကထဲသို့ ရောက်လာခဲ့ရခြင်း..ဖြစ်သည်..
၆

လူ့မှန်းသိတတ်စမှာပင် သူတို့မိသားစုက ဘုရားကျွန်မျိုးဟု သိခဲ့ရပြီး ငြင်းဆန်ခွင့် စောဒက တက်ခွင့်မရဘဲ..ခေါင်းငုံ့လက် ခံလိုက်ရသည်...အခုတော့ အဖေနှင့်အမေက ဟွန်းတယောတစ်လက် အမွေပေးကာ တမလွန်သို့ ထွက်ခွာသွားခဲ့ပြီ..



ဥပဒေကြောင့် အကျဉ်းကျ ခံနေရတာလည်းမဟုတ်..အမိန့်အာဏာနှင့် ခန့်အပ်ထားတာ လည်းမဟုတ်..လယ်ပယ်နှင့် နွားတို့အားလျှော်၍ ငါအပိုင်စားရသော ရွာအားလျှော်၍.. ဤမည်သော ကုသိုလ်ကြောင့်..မအိုမနာ နိဗ္ဗာန်ရွာအား ငါရလို၏ ဟူသည့် ကျောက်ထက် အက္ခရာ စာတစ်ကြောင်းနှင့်ပင် တစ်ရွာလုံး ဘုရားကျွန် ဖြစ်ခဲ့ကြရသည်..




အတ္တကြီးကြီးနှင့် နိဗ္ဗာန်ရောက်ချင်
လှသော ပုဂံသားတစ်ယောက်
ကြောင့်..ဒီဘဝ ရောက်ခဲ့ရသည်
ဆိုလျှင် မမှား..
သံသရာ ခရီးသွားခြင်းအတူတူ ကိုယ့်ကို ဘုရားကျွန်အဖြစ် ထားခဲ့သော အလှူရှင်
ပုဂံသားအပေါ် နာကြည်းစိတ်ကရင် နဲ့ မဆန့်တော့..
သူ့အား..ဘုရားကျွန်အဖြစ်မှ လွတ်ပေးနိုင်စွမ်းရှိသူကို သူတွေ့ချင်နေသည်..
လွတ်လပ်ခွင့်..လူပီသစွာ နေထိုင်ခွင့်တို့ကို တောင်းဆိုချင်နေသည်...



ကျိန်စာသင့်ပြီး လူဖြစ်ရှုံးနေရ
သည့်..ခုလိုအချိန်မှာ
ဆွမ်းတော်စွန့် စားရဖို့သာ
အရေးကြီးနေခဲ့ပြီ..
ဘုရားရှေ့တွင်..ဒေသခံဈေးသည်များနှင့်..ဘုရားဖူး
တချို့ကို တွေ့လိုက်ရ၍..ဝမ်းရေးအတွက်စိတ်အေး
သွားသည်..
အဖက်မလုပ်လိုသော လူများကို ရှောင်ကွင်းလျက် ဘုရား
အနောက်ဘက်မုခ်မှ သင်ပုတ်ပလ္လင်ဆီ ရှေ့ရှုလာခဲ့၏..
ထိုနေရာတွင်လည်း
သူ့လို ဘုရားကျွန်
တစ်ယောက်
သူ့ထက် ဦးပြီး
ရောက်နေတာ
တွေ့လိုက်ရသည်..


ဘုရားကျွန် သူတောင်းစား ညိုမောင်း က..သင်ပုတ်ပလ္လင် ပေါ်ရှိ စွန့်ထားသော ဆွမ်းတော်ထဲမှ ကောင်းနိုးရာရာကို ရွေးယူကာ ဖက်နှင့်ထုပ်နေ၏..
နောက်ကျသွားပြီ မှန်း ပွကြီး သိလိုက်၏..
ညိုမောင်း ထွက်သွား သည်နှင့် ကျီးနှစ်ကောင် ဝဲပျံဆင်းလာ ပြီး..အကြွင်း အကျန်များကို ထိုးဆိတ်စား သောက်ပြန်၏..
ပိုဝမ်းပူဆာ မနေသာသည့် ပွကြီး ကျီးနှစ်ကောင်ကို ခြောက်လန့် မောင်းထုတ်လိုက်၏..


ပလ္လင်ပေါ်တွင် ထမင်းအနည်းငယ်နှင့်
နှင်းရည်တို့ဖြင့် ပျော့အိ စိုရွှဲနေသော
ထန်းလျက်နှစ်ခဲကိုသာတွေ့ရသည်။
အရိုးများသော ချေးခါးသော ရှေးနေနိုင်သည့်ဘဝ
မဟုတ်သဖြင့် ရှိရှိသမျှကိုသာ အဆာပြေ ကောက်ယူ
စားလိုက်၏။
ဝမ်းသမုဒ္ဒရာ အဂူ ဂါ်အတွင်းမှ
ဆာလောင်ခြင်း လှိုင်းတံပိုးတို့
အတန်ငယ် ငြိမ်သက်သွားသည်။
ဆွမ်းတော်စွန့်ကာ
စားရသည့်အလုပ်
ပြီးသွားတော့
တာဝန်ကျေ
တောင်းရမ်းဖို့
ဘုရားရှေ့သို့ပြန်
လျှောက်လာခဲ့၏။


ဘုရားမှခ်ဦးရှေ့ ထနောင်းပင် ရိပ်တွင် အကျ အနေ ထိုင်လိုက် ၏..
ယွန်းခွက်ကို ရှေ့မှာ ချပြီး..ယွန်းတယော ကို လက်သံစမ်း သည်..
သူတီးခတ်နေကျ သီဆိုနေကျ ဘဝသံသရာသီချင်း သံ..ထွက်ပေါ်လာ၏..
×× ဘဝသံသရာ ××
ရှည်လျား ဝေ့ပြား ×× မနေ မနား တသွားထဲ ×× သွားကြတာ ×××
××× လောဘရယ် ×× ဒေါသရယ် ××× မောဟရယ် ××× အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ တဲ့ ×××

အာနန္ဒာဘုရားရှေ့တွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးတို့ဖြင့် စည်ကားစ ပြုခဲ့ပြီ...





ဘုရားဖူးများက..သူ့ရှေ့မှ ယွန်းခွက်ထဲသို့ သဒ္ဓါတတ်အား သလောက် အကြွေစေ့လေးများ ထည့်သွားကြ၏..




ပေးကမ်းစွန့်ကြဲသူများအတွက် ဆုမွန်ချွေပြီး တယော ဆက်ထိုးသည်..


ဒီတစ်ခါတော့..နဂါးနီ
သီချင်းအလှည့်ဖြစ်သည်..
××× လူမွဲတွေက မခွေးခေတ်မှာ သူဌေးဖြစ်တော့မည် ××× ဝိုင်းနဂါးနီ ××× သိပ္ပံတန်ခိုးနဲ့ ×××
××× ခင်းရဲ့သားတို့ မငိုင်းပါနဲ့ ××× အကျိုးထူး ပေးတော့မယ်တဲ့ ဗျ ×××
ဂီတ ပညာရှင်လည်းမဟုတ်..
သီချင်းသည်လည်းမဟုတ်
၍ လူကြိုက်များ ထင်ရှား
သည့်သီချင်း သုံးလေးပုဒ်
နှင့်သာ ပွဲကြီး ဘုရားကျွန်
ဆော်ခင်းနေရသည်..
ဪ..ဘယ်တော့
များမှ..ဒီဝဋ်ကြွေး
က..လွတ်ပါ့မလဲ
လေ...


တဖြည်းဖြည်း နေမြင့်လာတော့ ပွဲကြီး အလှုပ် သိမ်းဖို့ပြင်သည်..။
အကြွေစေ့များကို ရေတွက်ကြည့်ရာ စုစုပေါင်း ငွေတမတ်နှင့် နှစ်ပြားရ၏..
ယွန်းခွက်ကိုသိမ်း ပြီး..ဘုရားစောင်း တန်း..ဈေးမှ.. ကောက်ညှင်းပေါင်း တစ်ပဲဖိုးနှင့် ဘူးသီး ပေါင်းကြော် နှစ်ပြားဖိုးဝယ်သည်..
ပြီးတော့ အပယ် ရတနာသို့ပြန်လာ ခဲ့၏..သူတို့လိုအမျိုး အနွယ်တွေအတွက် ဘုရားဆွမ်းတော် ကိုသာ..စွန့်ပြီး စားရမည်ဟု..မည်သူ က စည်းကမ်းသတ်မှတ် သွားသည်မသိ..


အမြစ်တွယ်နေသော ထိုအလေ့အထအတိုင်း..ဆွမ်းကျန်
ကွမ်းကျန် လုစားနေရတာကိုက အလုပ်တစ်ခု ဖြစ်နေ၏..
ပါအရင်
တွေ့တာ..
အပယ်ရတနာ ပွဲကြီး
ကတော့..ဆွမ်းကျန်
စားတာကို..စတိ
လောက်သာ..ရိုးရာ
မပျက်လုပ်သည်..
ဝမ်းဝဖို့ကိစ္စအတွက် သူကြိုက်တာ ဝယ်စား၏..
တောင်းစားရသည့် အလုပ်ကဂုဏ် မဲ့ပြီး လူ့အထင်
သေးသော်လည်း..တွက်ခြေကိုက်သည်.. ပွဲကြီး ..
ဝင်ငွေက တစ်ရက် ငါးမူးသုံးမတ်က ပြေးမလွတ်..
သူ့ရိုးရာပွဲတော်ရက်များဆို တစ်ကျပ်နှစ်ကျပ်
ဆိုတာအသာလေး...


အဆာပြေ သရေစာစားပြီးမှ
တစ်ပြား နှစ်ပြား..ညမနက်
ထမင်းဝယ်စားမှ..လွန်ရော
ကျံရော ဆယ်ပြားလောက်
သာ..ကုန်ကျတော့ ငွေပို
ငွေလျှံပင် အတော်အသင့်
စုဆောင်းမိ၏..
သို့သော် ဘုရားကျွန်ဘဝကဘုရားတန်ဆောင်းမှာသာ လှည့်ပတ်နေရပြီး သူတောင်းစားမှန်း
သိအောင်..ဝတ်စားရသည့်အတွက်..လူလိုနေဖို့တော့ စိတ်မကူးရဲ..
ဒါကို ပွကြီး စိတ်နာနေတာပဲဖြစ်သည်..အိမ်နှင့်ရာ နှင့်
နေကာ..ဝတ်ကောင်းစားလှ ဝတ်ပြီး အလုပ်လုပ်ဖို့
အခွင့်အရေး သူ့ မှာမှ မရှိဘဲလေ...
၁၇


အပယ်ရတနာ ပြန်ရောက်သည် နှင့် ပွကြီး အညောင်းဆန့်ကျော ခင်းပြီး အိပ်ဖို့ပြင်သည့်.
သူတောင်းစားဘဝ အလုပ် အကိုင်မရှိမို့ တာဝန်ကျေ တောင်းစားပြီးသည် နှင့် အိပ် ဖို့သာ ရှိတော့၏..
ကျောချရင်း သူတောင်းစားကို လူတွေ နှိမ့်ချ ချိုးဖဲ့ပြောဆိုတတ်သည့် စကားတစ်ခွန်းကို သတိရ၏..သူတောင်းစား ထမင်းဝတော့ ဘာဆိုလား..
အဟင်း..ပွကြီး ဘဝက တော့..ဒါတွေ ရှင်းသည် လူ့အသိုင်းအဝိုင်းမှ ဖယ်ကျဉ် မောင်းထုတ် ခံထားရသည့်အတွက် သူ့တွင် အိမ်ထောင် ဘက်မရှိ..

ဘုရားကျွန်ဘဝကို စိတ်နာသူဗိုဗို ဇာတ်တူ ဘဝတူ ကျွန်မျိုးကို မယားလုပ် ဖို့စိတ်ကူး
လည်းမရှိတော့..တစ်ယောက်တည်း ပေါင်စင်းစင်း ဖြစ်နေတာ ဘာမှမဆန်း..




ရေမချိုးတာ
ကြာပြီမို့
ပွကြီး
မြစ်ဆိပ်သို့
ဆင်းလာ၏..
ပွကြီး မြစ်ညာဘက်သို့ ဆက်လျှောက်လာခဲ့သည်..အထက်
ဘက်..တက်ပြီး ရေချိုးဆိပ်နှင့် ခပ်လှမ်းလှမ်းရောက်မှ
ရေချိုးဖို့ ပြင်ဆင်သည်..
ဒီနေရာက..ရေနက်သော်လည်း
လူရှင်း၏..